## First Sunday of Advent (A)

**1st READING:** ***Isaiah 2:1-5***

ဟေရှာယအနာဂတ္တိကျမ်း။ ၂း ၁–၅

ယုဒပြည်နှင့် ယေရုရှလင်မြို့ကို ရည်ဆောင်၍၊ အာမုတ်၏သား ဟေရှာယခံရသော ဗျာဒိတ်တော်အချက် ဟု မူကား။ နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သော တောင်သည် တောင် ကြီး တောင် ငယ် တို့၏ ထိပ်ပေါ်မှာချီးမြှောက်၍ တည်လိမ့်မည်။ ခပ်သိမ်းသော လူမျိုးတို့သည် ထို တောင် သို့ စည်း ဝေး ကြလိမ့်မည်။ များပြားသော သူတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏တောင်တော်၊ ယာကုပ် အမျိုး၏ ဘုရားသခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည်ခြေ တော်ရာသို့ လိုက်သွားကြမည် ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိ အုန် တောင် မှရင်း၊ ထာဝရဘုရား၏ နှုတ် ကပတ်တော်သည် ယေရုရှလင်မြို့မှရင်းင်း ပေါ်ထွက်လိမ့်မည်။ ထာ ဝရဘုရား သည် လူမျိုးတို့တွင် တရားစီရင်၍၊ များပြား သော လူတို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့ထားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါရင်းင်း၊ လှံများကို တံစဉ်ဖြစ်စေခြင်းငှါရင်းင်း ထုလုပ်ကြလိမ့်မည်။ တပြည်ကို တပြည်စစ်မ တိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန်မသင်ရ ကြ။ အိုယာကုပ်အမျိုးသားတို့၊ လာကြလော့။ ထာ ဝရ ဘု ရား၏ အလင်းတော်၌ ကျင်လည်ကြကုန်အံ့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  122:1-2,3-4,4-5,6-7,8-9

ဆာလံကျမ်း ၁၂၂

**သံပြိုင်။** ။ ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့်ထာဝရဘုရား၏ အိမ်တော်သို့သွားကြစို့။

***R.* Let us go rejoicing to the house of the Lord.**

၁။ ။ထာဝရဘုရား၏ အိမ်တော်သို့သွားကြစို့ဟုသူတို့ငါ့ကိုပြောကြားကြသောအခါ၊ငါသည်ရွှင်လန်းဝမ်းမြောက် ပါ၏။ အို ဂျေရုဆလင်ငါတို့၏ခြေများသည် သင်၏ တံခါးများအတွင်း ရပ်လျက် ရှိနေကြပါ၏။ **သံပြိုင်။**

I rejoiced because they said to me, “We will go up to the house of the LORD.” And now we have set foot within your gates, O Jerusalem.

၂။ ။ဂျေရုဆလင်မြို့သည် စုစည်းကျစ်လစ်စွာတည် ဆောက်ထားသောမြို့ဖြစ်၏။ ထိုအရပ်သို့ ထာဝရဘုရား၏ လူမျိုးစုများဖြစ်သည့်လူမျိုးတို့ တက်ရောက်ကြ၏။ **သံပြိုင်။**

Jerusalem, built as a city with compact unity. To it the tribes go up, the tribes of the LORD.

၃။ ။အစ္စရေးလ်လူမျိုးတို့ အားချမှတ်ပေးထားသည့် ဥပဒေနှင့်အညီ ထိုအရပ် တွင် ထာဝရဘုရား၏နာမတော် ကိုချီးမွမ်းထောမနာပြုကြ၏ ။ဤနေရာသည်ကား၊ ဒေးဗစ် မျိုးဆက်ရာဇပလ္လင်များဖြစ်သည့် တရားစီရင်ရာပလ္လင်များတည်ရှိ၏။ **သံပြိုင်။**

According to the decree for Israel, to give thanks to the name of the LORD. In it are set up judgment seats, seats for the house of David.

၄။ ။ ဂျေရုဆလင်မြို့၏ ငြိမ်းချမ်းသာယာ ရေးအတွက် ဆုတောင်းပတ္ထနာ ပြုကြလော့။ သင့်ကို ချစ်မြတ်နိုးသူ တို့သည် ချမ်းသာ ကြွယ်ဝကြ ပါစေ။ သင်၏ မြို့ရိုးများအတွင်း၌ ငြိမ်းချမ်းသာယာ ခြင်းရှိပါစေ။ သင်၏ မျှော်စင်များဝန်းကျင်၌ လုံခြုံမှုရှိ ပါစေ။ **သံပြိုင်။** ။

Pray for the peace of Jerusalem! May those who love you prosper! May peace be within your walls, prosperity in your buildings.

၅။ ။ငါ၏ ညီအစ်ကိုများနှင့် မိတ်ဆွေအပေါင်း အသင်းတို့ကိုထောက်ထား၍၊သင်၌ငြိမ်းချမ်း သာယာ ခြင်းရှိပါစေဟု ငါဆိုပါမည်။ ငါတို့အရှင်၊ ထာဝရ ဘုရားသခင်၏အိမ်တော်ကိုထောက်ထား၍၊ သင်၏ ကောင်း ကျိုးကို ငါရှာပါမည်။ **သံပြိုင်။** ။

Because of my brothers and friends I will say, “Peace be within you!” Because of the house of the LORD, our God, I will pray for your good.

**2nd READING: Romans 13:11-14**

ရောမမြို့သူမြို့သားတို့ထံ ရေးသောစာ။ ၁၃း၁၁–၁၄

ထို့အပြင်ယခုအချိန်သည်သင်တို့အိပ်ရာမှနိုးထကြရမည့်အချိန်ဖြစ်ကြောင်းသင်တို့အသိပင်ဖြစ်၏။အဘယ်ကြောင့်ဆိုသော် ငါတို့ကိုကယ်တင်ခြင်းသည်ငါတို့ယုံကြည်သူများဖြစ်လာခဲ့သည့်နေ့ရက်ထက်ယခုပို၍နီးကပ်လာသောကြောင့်ဖြစ်၏။ ညဉ့်အချိန်ကုန်လုပြီဖြစ်၍၊နေ့အချိန်ရောက်တော့မည်။ထို့ကြောင့်ငါတို့သည်မှောင်မိုက်နှင့်ဆိုင်သောအကျင့် ကိုစွန့်ပယ်၍ အလင်းတရားနှင့်ဆိုင်သောလက်နက်တန်ဆာကိုဝတ်ဆင်ကြ စို့။ငါတို့သည်နေ့အချိန်အလင်းရောင်တွင်ကျင်လည် နေသူ များဖြစ်သည့်အလျောက်တည့်တယ်လျောက်ပတ်စွာပြုကျင့်နေထိုင်ကြရမည်။အပျော်ကျူးခြင်းနှင့်သောက်စားမူးယစ်ခြင်း နှင့်ကာမဂုဏ်ကိလေသာလိုက်စားခြင်း၊ညစ်ညူးခြင်း၊ခိုက်ရန်ဖြစ်ခြင်းနှင့်မနာလိုဂုဏ်ပြိုင်ခြင်းတို့ကိုရှောင်ကြဉ်ကြရမည်။ သခင်ယေရှုခရစ် တော်ကိုဝတ်ဆင်ကြလော့။ကိုယ်ကာယ၏တပ်မက်မှုအလိုဆန္ဒအတိုင်းလိုက်၍ကျင့်ကြံမနေထိုင်ကြနှင့်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** *Mt 24:37-44*
ရှင်မာတေဦးဧဝံဂေလိကျမ်း။ ၂၄း ၃၇-၄၄

လူသား၏ကြွလာတော်မူခြင်းသည်နောဧလက်ထက်ကကဲ့သို့ဖြစ်လိမ့်မည်။အကြောင်းမူကားရေမလွှမ်းမိုးမီကာလ၌နောဧသည်သင်္ဘောထဲသို့ဝင်သည့်နေ့ရက်တိုင်အောင်လူများတို့သည်စားသောက်ကြလျက်ထိမ်း မြားပေးစားလျက်ရှိ ကြ၏။ ရေလွှမ်းမိုးခြင်းရောက်လာ၍၊ လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှားသည့်တိုင် အောင်ထိုသူတို့သည်သတိမမူဘဲနေ ကြလျက်ရှိသကဲ့သို့လူသား၏ကြွလာတော်မူခြင်းသည်လည်းထိုသို့ဖြစ်လိမ့်မည်။ ထိုအခါလယ်ထဲတွင်ရှိသောလူနှစ် ယောက်တို့အနက်တစ်ယောက်သည်ခေါ်ဆောင် သွားခြင်းခံရ၍ တစ်ယောက်မှာမူကျန်ရစ်လိမ့်မည်။ ကြိတ်ဆုံကြိတ်လျက်ရှိသောအမျိုးသမီးနှစ်ယောက်အနက်၊ တစ်ယောက်သည်ခေါ်ဆောင်သွားခြင်းခံရ၍တစ်ယောက်မှာမူကျန်ရစ်လိမ့်မည်။ ထို့ကြောင့်သတိ နှင့်စောင့်နေကြလော့။အကြောင်းမူကားသခင်ဘုရားကြွလာတော်မူမည့်အချိန်ကိုသင်တို့မသိကြ။သူခိုးလာ မည့်အချိန်နာရီကိုအိမ်ရှင်သိပါလျှင်မိမိအိမ်ကိုမဖောက်ထွင်းစေရန်ဧကန်မုချစောင့်နေမည်ဖြစ်ကြောင်းသင်တို့သိမှတ်ကြလော့။ထို့ကြောင့်သင်တို့သည်လည်းအသင့်ရှိကြလော့။အကြောင်းမူကားသင်တို့မမျှော်လင့်သောအချိန်၌လူသားသည်ကြွလာလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။